## Highlights from DVB Debate’s New Parliament Scenarios Show

## February 6, 2016

## “What are the New MPs?”

“ပထမအကြိမ်လွှတ်တော်မှာ ကြမ်းချောဖြစ်အောင် ပုံဖော် ဦးဆောင်ပေးခဲ့ပြီ။ အခု အန်အယ်လ်ဒီ ဦးဆောင်တဲ့ လွှတ်တော်ကနေ ဒီကြမ်းချောကို အချောသတ်ဖြစ်အောင် ဦးဆောင်ရမှာ သူတို့တာဝန်ပဲ”

ဦးဖေသန်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရခိုင်အမျိုးသားပါတီ

---

“လွှတ်တော်တွင်း ဒီမိုကရက်တစ် အတိုက်အခံတွေ ပေါ်လာဖို့ လိုတယ်။ လုပ်သမျှ အကုန်ဆန့်ကျင်နေဖို့ ပြောတာမဟုတ်ဘူး။ လက်ရှိ ဒီမိုကရက်တစ်နိုင်ငံတိုင်းမှာ ရှိသလို ပြည်သူ့အကျိုးဆောင်ရွက်မယ့် ဒီမိုကရက်တစ် အတိုက်အခံမျိုးကို အန်အယ်လ်ဒီအနေနဲ့လည်း လက်ခံပေးဖို့ လိုတယ်”

ဦးဒေးဗစ်လှမြင့် - ၁၉၉၀ ရွေးကောက်ပွဲ(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) အနိုင်ရ လွှတ်တော်အမတ်

---

“၅၉(စ) ဆိုင်းငံ့မယ့်ကိစ္စ အောင်မြင်နိုင်မယ် မထင်ဘူး။ ဘာလို့ဆိုတော့ တပ်က ဖွဲ့စည်းပုံ အခြေခံဥပဒေကို အထိအခိုက်မခံဘူး ပြောထားတယ် ဒီတော့ ဘေးထွက် ဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်။ အရင်ဆုံး အန်အယ်လ်ဒီအနေနဲ့ တပ်နဲ့ နားလည်မှု အရင်ယူရမယ်။”

ဦးဖေသန်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရခိုင်အမျိုးသားပါတီ

---

“ကျနော် စိုးရိမ်တာတခုက လွှတ်တော်က တဖက်စောင်းနင်းမဖြစ်ဘဲ ထိန်းကျောင်းမှုလေးရှိအောင် လွှတ်တော်အမြဲတမ်းကော်မတီရဲ့ အရေးကြီးကော်မတီ ၂ ခုဖြစ်တဲ့ ဥပဒေကြမ်းကော်မတီနဲ့ အစိုးရရဲ့ ကတိကဝတ်တွေ စောင့်ကြည့်ရေး ကော်မတီတွေမှာ တိုင်းရင်းသားအမတ်တွေကိုလည်း ထိုက်သင့်သလောက် နေရာပေးသင့်တယ်။ အစိုးရကလည်း အန်အယ်လ်ဒီပဲဖြစ်လာမှာဆိုတော့ အစိုးရစောင့်ကြည့်မယ်ကော်မတီကလည်း အန်အယ်လ်ဒီဆိုရင် ဝေဖန်ထောက်ပြတာမျိုးတွေ မဖြစ်မှာ စိုးတယ်”

ဦးလာမာလေး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ (ဒူးလေးပါတီ)

---

"လွှတ်တော်ဟာ ဥပဒေပြုဖို့နဲ့ အစိုးကို အပြန်အလှန်ထိန်းကျောင်းဖို့။ လွှတ်တော်က ဥပဒေပြုတာ ပီပီပြင်ပြင် မပြုနိုင်ရင် တရားရေးနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင် လွဲချော်တိမ်းစောင်းသွားမယ်။ တဖက်မှာလည်း လွှတ်တော်ရဲ့ အခက်အခဲက ဖွဲ့စည်းပုံအကန့်အသတ်ထဲမှာ လုပ်နေရတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အကန့်အသတ်ကြောင့် အုပ်ချုပ်ရေးပိုင်းကို ထိန်းကျောင်းမရဖြစ်နေတယ်။"

ဦးဖေသန်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရခိုင်အမျိုးသားပါတီ

---